# နယူတန်ပေးတဲ့ ကဗျာ

ဒီမိုကရေစီ ပြည်သစ်တည်ရန်
ရည်မျှော်အားသန် ဘဝမှန်အတွက်
အသက်တမျှရင်းကြပါလည်း
ခွေးရူးထက်ဆိုး စစ်သူခိုးတို့
တွေ့မြင်ရာကိုက် ကြောင်တော်နှိုက်ကာ
ပြည့်ဘဏ္ဍာအား အမျိုးမျိုးစားမြို
သားရေစိုပြေ ဝေလေလေများ နောက်တော်ပါးက
အော်ဟစ်ဟားတိုက် အကြည်ဆိုက်ကြ
မိမဆုံးမ ဖမဆုံးမ ကလေကဝ ။
ဒီမိုကရေစီ ပြည်သစ်တည်ရန်
တို့တွေလက်တွဲ ခိုင်ခိုင်မြဲတည့်
အော်ဟစ်တော်းဆို အလိုမရှိ
အာဏာမက်သည့်စစ်သူဂုက်တို့ ခိုးဂုက်ဘဏ္ဍာ
ပြည့်ဥစ္စာအား ထင်မြင်ရာသုံး
တပြုံးပြုံးနှင့် ထင်တိုင်းစေ့ဆော်
နေပြည်တော်အား ငွေနဲ့တည်ဆောက်
ကြောက်လိုက်သည်မှာ ပြောစရာမရှိ တောတောင်အထိ ။
ပီဘိတောင်ကြား အိမ်များထားကာ
ဗုံးကြဲမှာကို သူတို့တွေကြောက်
တောင်းမှောက်ကျီးကန်း တဖြန်းဖြန်းသေး
ပန်းလိုက်သေးလဲ ကိုယ့်အလှည့်ကျ မနွဲ့ကြရအောင်
မင်းတို့ကြည့်ရှောင် ဒီလူ့ဘောင်မှာ
မင်းတို့လုပ်ရပ် မင်းတို့မှတ်မိ
သတိနဲ့ယှဉ် ပဲ့တင်သံသည်
မိမိထံသာ တန်ပြန်လာသည်
ပြန်လာမည်မှာ အမှန်ပါတည်း ဒီသံသရာခရီး။

လေးလေးအို(ဉသာမြေ)